ရက်စွဲ – ၀၇၊ ၀၈၊ ၀၅

## 8888 နေ့အကြိုသတင်းထုတ်ပြန်ချက်

ရခိုင်အမျိုးသမီးများအစည်းအရုံး (RWUဘင်္ဂလားဒေ့ (ရှ်)) ဗဟိုဌာနချုပ်မှကြီးမှူး၍ ၈၈၈၈ နေ့အခမ်းအနား တရပ်ကို Dhaka တက္ကသိုလ်၌ကျင်းပပြုလုပ်ပါသည်။ ဤအခမ်းအနားကိုစည်ကားသိုက်မြိုက်စွာကျင်းပရန် ပြင်ဆင်ထားသော်လည်း လုံခြုံရေးအခြေနေမကောင်းကြောင်း ခိုင်လုံသောသတင်းများရရှိသည့်အတွက် ဒါကာ တက္ကသိုလ်နှင့် တက္ကသိုလ်ဆရာ၊ ဆရာမများအားသွားရောက်တွေ့ဆုံ၍ ဝိုင်းအလိုက်ရှင်းပြသည့် အစီအစဉ်ကိုသာပြုလုပ်လိုက်ရပါသည်။

ထိုအခမ်းအနားအတွင်း ၈၈၈၈ ဖြစ်ပေါ်လာပုံအပိုင်းနှင့် ၈၈၈၈ လှုပ်ရှားမှု၌ ပြည်သူလူထုတရပ်လုံး တက်ကြွစွာပါဝင်ခဲ့မှုများကို၄င်း ပြည်သူ့အင်အားဖြင့် ဦးနေဝင်း နောက်ဆက်ခံလာသော သမ္မတ ဦးမောင်မောင်၊ ဦးစန်းလွင်တို့ကို ဖြုတ်ချနိုင်ခဲ့ပြီး (တပ်မတော် လေ )ကိုပါစည်းရုံးနိုင်ခဲ့ကြောင်းရှင်းပြပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့၌ မြို့သိမ်းတိုက်ပွဲများ အောင်မြင်မှုရရှိခဲ့ပြီး သွေးမြေမကျအောင်မြင်ခဲ့မှု များကို၄င်း၊ မြို့ပြအုပ်ချုပ်ရေး၊ ဒေသဆိုင်ရာအစိုးရတရပ်ကိုဖွဲ့စည်းကာ မြို့နယ်ကို ဒီမိုကရေစီဘက်တော်သားများက အုပ်ချုပ်နိုင်ခဲ့ကြောင်းရှင်းပြပါသည်။

၄င်းနောက် ဒက္ကားတက္ကသိုလ်၏ ဆရာမ၊ ဆရာမနှင့် တက္ကသိုလ်ကျောင်းသားများ၏ ကြင်နာမှုကိုရရှိစေရန်နှင့် ဘင်္ဂလီပြည်သူများ၏ ကူညီပံ့ပိုးမှုကိုရရှိလာစေရန် ၈၈၈၈အရေးတော်ပုံ၌ စစ်အာဏာရှင်များ၏ ရက်စက်စွာ သတ်ဖြတ်မှုကိုခံခဲ့ကြရသော ဓါတ်ပုံများကို တက္ကသိုလ်နေရာအနှံ့အပြား၌ ချိတ်ဆွဲထားခြင်းဖြင့် ရှင်းလင်းပွဲတခုပြုလုပ်ခဲ့ပါသည်။ ဤရှင်းလင်းပွဲကို ဤနေ့ (၇) ရက်နေ့တွင် Dhaka တက္ကသိုလ်၌ နံနက်၁၀ နာရီ မှ ညနေ၂ နာရီထိပြုလုပ်ခဲ့သည်။ မနက်ဖန် ၈၊ ၀၈၊ ၀၅ နေ့ (၈၈၈၈ နေ့)တွင် ဂျာဟင်းဂီနောဂေါ်တက္ကသိုလ်၌ ထပ်မံပြုလုပ်ဦးမည်ဖြစ်ပါသည် ။

သတင်းအပြည့်အစုံကို

880-2-9013435

8880-2-0189426153

တခုခုသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။